# ဆောင်းဦး-ဆောင်း ကာကွယ်ဆေးများ

**ဤကာကွယ်ဆေးများသည် အဘယ်ကြောင့်အရေးကြီးသနည်း။**
COVID-19၊ တုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ Syncytial ဗိုင်းရပ်စ် (RSV) ကာကွယ်ဆေးများသည် ပြင်းထန်သည့် ရောဂါအန္တရာယ်ကို လျော့နည်းစေပါသည်။ ဤကာကွယ်ဆေးသုံးခုစလုံးကို တစ်ပြိုင်နက်ထိုးနိုင်ပါသည်။

## ကာကွယ်ဆေး | ဆေးထိုးရန် အကြံပြုထားသူများ

### တုပ်ကွေး

တုပ်ကွေးဗိုင်းရပ်စ် ၄ မျိုးကို ပစ်မှတ်ထားပါသည်။

**အသက် ၆ လနှင့် အထက်ရှိသူတိုင်း**
ကြက်ဥနှင့်ဓာတ်မတည့်သူများပင် ဆေးတစ်ကြိမ်ထိုးသင့်ပါသည်။

**အသက် ၈ နှစ်နှင့်၎င်းထက်ပိုမိုငယ်ရွယ်သည့် ကလေးများသည်** ၎င်းတို့၏ ပထမရာသီတွင် ဆေးနှစ်ကြိမ်ထိုးသင့်ပါသည်။

### COVID-19

Omicron မျိုးစိတ်ကွဲတစ်ခုဖြစ်သည့် XBB ကို ပစ်မှတ်ထားရန် အသစ် ပြုပြင်ထားပါသည်။

အသစ်ပြုပြင်ထားသည့် Moderna၊ Pfizer နှင့် Novavax ကာကွယ်ဆေးများရရှိနိုင်ပါသည်။

**၆ လနှင့် အထက်ရှိသူတိုင်း** နောက်ဆုံးအကြိမ်ဆေးထိုးပြီးနောက် အနည်းဆုံး ၂ လအကြာတွင် အသစ်ပြုပြင်ထားသည့် COVID-19 ကာကွယ်ဆေးထိုးရန် CDC က အကြံပြုပါသည်။

- ကာကွယ်ဆေးတစ်ကြိမ်မျှမထိုးဖူးသူအများစုသည် ထိုးရန်လိုသည့်ဆေးများထိုးပြီးပြီဟု ယူဆရန် Pfizer/Moderna တစ်ကြိမ် သို့မဟုတ် Novavax နှစ်ကြိမ်ထိုးရန် လိုအပ်ပါသည်။
- ကာကွယ်ဆေး တစ်ကြိမ်မျှမထိုးဖူးသော ၆ လမှ ၄ နှစ်အရွယ် ကလေးများအား COVID-19 ကာကွယ်ဆေး နှစ်ကြိမ် သို့မဟုတ် သုံးကြိမ်ထိုးရန် အကြံပြုထားဆဲ ဖြစ်သည်။

### RSV[၁]

အသက်ရှူလမ်းကြောင်းဆိုင်ရာ Syncytial ဗိုင်းရပ်စ် (RSV) ကို ပစ်မှတ်ထားပါသည်။ RSV သည် မွေးကင်းစများနှင့် လူကြီးများ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ ပြင်းထန်စွာ ဖြစ်စေနိုင်ပါသည်။

**အသက် ၆၀ နှင့်အထက်လူကြီးများသည်** ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုပေးသူ/ဆေးဖော်ရောင်းသူအား RSV ကာကွယ်ဆေးအကြောင်း မေးသင့်ပါသည်။

**ကိုယ်ဝန်သည်များသည်** RSV ရာသီအတောအတွင်း ကိုယ်ဝန် ၃၂ ပတ်နှင့် ၃၆ ပတ်အကြား ဆေးတစ်ကြိမ်ထိုးသင့်ပါသည် (ကလေးငယ်သည် မွေးဖွားပြီးနောက် လပေါင်းများစွာကြာအောင် အကာအကွယ် ရရှိပါမည်)။

၁ ကိုယ်ဝန်သည်တစ်ဦးသည် RSV ကာကွယ်ဆေးမထိုးပါက ကလေးအား RSV မိုနိုကလိုနယ် ပဋိပစ္စည်းတစ်ကြိမ်ထိုးရန် အကြံပြုပါသည်။ အန္တရာယ်ပိုမိုမြင့်မားသည့် အသက်ပိုကြီးသောကလေးငယ်များ/အသက် ၁၉ လအထိ ကလေးငယ်များအားလည်း ဆေးတစ်ကြိမ်ထိုးရန် အကြံပြုပါသည်။

**ALAMEDA COUNTY HEALTH CARE SERVICES AGENCY**
**PUBLIC HEALTH DEPARTMENT**

နောက်ထပ်အချက်အလက်များကို ဝင်ရောက်ကြည့်ရှုရန်- **covid-19.acgov.org/vaccines** သို့မဟုတ် QR ကုတ်ကို စကင်းဖတ်ပါ-

*(သင်၏ ဒေသန္တရ ကူးစက်ရောဂါပြန့်ပွားခြင်းဆိုင်ရာပညာရှင်) Your Local Epidemiologist* ပါ Katelyn Jetelina၊ MPH PHD နှင့် Caitlin Rivers၊ MPH PHD ၏ "**၂၀၂၃ နွေဦးရာသီ ကာကွယ်ဆေးများ**" နှင့် CDPH ၏ လက်ကမ်းစာစောင်- https://eziz.org/assets/docs/IMM-1481.pdf တို့မှ ဆီလျော်စွာ ပြုပြင်ရေးသားထားပါသည်။